(မြန်မာဘာသာ)

အကျဉ်းချုပ်

# နယ်မုရေ့မြို့ ယဉ်ကျေးမှုမျိုးစုံ အတူယှဉ်တွဲနေထိုင်မှု မြှင့်တင်ရေးအစီအစဉ်

2026 ဘဏ္ဍာရေးနှစ်မှ 2034 ဘဏ္ဍာရေးနှစ်အထိ

နယ်မုရေ့မြို့
၂၀၂၆ ခုနှစ် မတ်လ

## 01 အစီအစဉ် ရေးဆွဲရသည့် နောက်ခံသမိုင်းကြောင်းနှင့် ရည်ရွယ်ချက်

နေထိုင်ခွင့်ရ နိုင်ငံခြားသားဦးရေသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုးပွားလာပြီး ဒေသတွင်း လူမှုဘဝကို အထောက်အကူပြုသည့် တည်ရှိမှုတစ်ရပ် ဖြစ်လာပါသည်။ ဤမြို့တွင်လည်း 2026 ဇန်နဝါရီလကုန်ရှိ စာရင်းများအရ နိုင်ငံခြားသားဦးရေ 816 ဦး (လူဦးရေစုစုပေါင်း၏ 3.7 ရာခိုင်နှုန်းခန့်) ရှိလာပြီဖြစ်ပါသည်။ မည်သူမဆို စိတ်အေးချမ်းစွာ နေထိုင်နိုင်သည့် မြို့တစ်မြို့ဖြစ်လာစေရန် ရည်ရွယ်၍ မြို့ခံဂျပန်လူမျိုးများနှင့် မြို့နေနိုင်ငံခြားသားများ အပြန်အလှန်နားလည်မှုရှိပြီး တစ်ဦးနှင့်တစ်ဦး လေးစားလျက် ဒေသတွင်း လူမှုအသိုင်းအဝိုင်းကို အတူတကွ တည်ထောင်သွားနိုင်ရန် ဤမြို့မှ "နယ်မုရော့မြို့ ယဉ်ကျေးမှုမျိုးစုံ အတူယှဉ်တွဲနေထိုင်မှု မြှင့်တင်ရေးအစီအစဉ်" ကို ရေးဆွဲခဲ့ပါသည်။

## 02 အစီအစဉ်၏ အဆင့်အတန်းနှင့် မြှင့်တင်ရေးကာလ

**နိုင်ငံတော်အစိုးရ**

ဒေသတွင်း ယဉ်ကျေးမှုမျိုးစုံ
အတူယှဉ်တွဲနေထိုင်မှု မြှင့်တင်ရေးအစီအစဉ်

*"ဂျပန်ဘာသာစကားသင်ကြားမှု မြှင့်တင်ရေးဆိုင်ရာ ဥပဒေ" နှင့်လည်း ကိုက်ညီရမည်။

**မြို့အုပ်ချုပ်ရေး**

ဒုသမအကြိမ် နယ်မုရော့မြို့
ဘက်စုံစီမံကိန်း
(2025 - 2034)


**ခရိုင်အုပ်ချုပ်ရေး**

နိုင်ငံခြားသားလုပ်သား လက်ခံခန့်အပ်မှု
တိုးချဲ့ဆောင်ရွက်ရေးနှင့်
အတူယှဉ်တွဲနေထိုင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ

**နယ်မုရော့မြို့ ယဉ်ကျေးမှုမျိုးစုံ အတူယှဉ်တွဲနေထိုင်မှု မြှင့်တင်ရေးအစီအစဉ်**
**2026 ဘဏ္ဍာရေးနှစ်မှ 2034 ဘဏ္ဍာရေးနှစ်အထိ** * လိုအပ်သလို ပြန်လည်ပြင်ဆင်မည်။

## 03 နယ်မုရော့မြို့တွင် နေထိုင်သူနိုင်ငံခြားသားများ အပါအဝင် မြို့နေပြည်သူများ၏ လက်ရှိအခြေအနေ

ဤမြို့တွင် နေထိုင်ခွင့်ရ နိုင်ငံခြားသားဦးရေသည် 2013 နောက်ပိုင်းမှစ၍ ယေဘုယျအားဖြင့် ဦးရေ 200 မှ 300 ဝန်းကျင်အတွင်းသာ ရှိခဲ့သော်လည်း မကြာသေးမီနှစ်များအတွင်း သိသာထင်ရှားစွာ တိုးပွားလာသည့် အလားအလာကို တွေ့ရှိရပါသည်။




သတင်းရင်းမြစ် - နယ်မုရော့မြို့အုပ်ချုပ်ရေး၊ နှစ်စဉ် မတ်လကုန်ရှိ စာရင်း

## 04 အခြေခံဒဿနနှင့် အခြေခံရည်မှန်းချက်

မတူကွဲပြားသော ယဉ်ကျေးမှုနှင့် နောက်ခံသမိုင်းကြောင်းများ ပိုင်ဆိုင်သည့် မြို့နေပြည်သူများမှ တစ်ဦးနှင့်တစ်ဦး အသိအမှတ်ပြုပြီး အေးချမ်းစွာနေထိုင်နိုင်သည့် ဒေသတစ်ခုကို အကောင်အထည်ဖော်ခြင်းသည် ဤမြို့မှ အနာဂတ်အတွက် ဦးတည်ဆောင်ရွက်ရမည့် လမ်းစဉ် ဖြစ်ပါသည်။ ပင်လယ်သယံဇာတ ပေါကြွယ်ဝစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာသော နယ်မုရော့မြို့တွင် "အတူတကွ နေထိုင်ခြင်း" က သဘာဝကျသော အရာ ဖြစ်လာမည့် အနာဂတ်ကို ရည်မှန်း၍ ယဉ်ကျေးမှုမျိုးစုံ အတူယှဉ်တွဲ နေထိုင်ရေးကို မြှင့်တင်ဆောင်ရွက်သွားပါမည်။

**အခြေခံရည်မှန်းချက် 1**
**ချိတ်ဆက်ခြင်း**
ဘာသာစကားနှင့်ယဉ်ကျေးမှု အတားအဆီးများ ကျော်လွှားပြီး အပြန်အလှန် နားလည်မှု ရှိသောမြို့

**အခြေခံရည်မှန်းချက် 2**
**နေထိုင်ခြင်း**
မည်သူမဆို စိတ်အေးချမ်းသာစွာဖြင့် ရေရှည် နေထိုင်သွားနိုင်မည့်မြို့

**အခြေခံရည်မှန်းချက် 3**
**အလုပ်လုပ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း**
ဒေသတစ်ခုကို အတူတကွ တည်ထောင်ပြီး စွမ်းရည်များ ထုတ်ဖော်ပြသနိုင်မည့်မြို့

**အခြေခံဒဿန**
တစ်ဦးနှင့် တစ်ဦး အသိအမှတ်ပြု ရိုင်းပင်းကူညီကာ အတူတကွ လျှောက်လှမ်းရင်း ရွေးချယ်ရမည့်မြို့

\ကိန်းဂဏန်းဖြင့် ပြဆိုသော ရည်မှန်းချက်/
**မြို့နေနိုင်ငံခြားသားဦးရေ**

| လက်ရှိတန်ဖိုး | | ရည်မှန်းတန်ဖိုး |
|---|---|---|
| 816 | → | မြှင့်တက် |
| 2025 | | 2034 |

*နယ်မုရော့မြို့တွင် နေထိုင်သူအဖြစ် မှတ်ပုံတင်ထားသော မြို့နေနိုင်ငံခြားသားဦးရေ (သတင်းရင်းမြစ် - နယ်မုရော့မြို့အုပ်ချုပ်ရေးရုံး)

## 05 အစီအမံပါ အကြောင်းအရာများ

### အခြေခံမူဝါဒ 1
### ပြောဆိုဆက်သွယ်ရေးအတွက် ပံ့ပိုးကူညီမှု

4 QUALITY EDUCATION | 10 REDUCED INEQUALITIES | 11 SUSTAINABLE CITIES AND COMMUNITIES | 16 PEACE, JUSTICE AND STRONG INSTITUTIONS | 17 PARTNERSHIPS FOR THE GOALS

ဘာသာစကားနှင့် ယဉ်ကျေးမှု ခြားနားချက်ကို ကျော်လွှားပြီး မည်သူမဆို သတင်းအချက်အလက်များကို စိတ်အေးချမ်းသာစွာဖြင့် နားလည် သဘောပေါက်ကာ မိမိတို့၏ ဆန္ဒသဘောထားကို အပြန်အလှန်ပြောဆိုနိုင်မည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးသွားပါမည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ဒေသခံများ ပူးပေါင်းနေထိုင်ရေးတွင် လိုအပ်သော သတင်းအချက်အလက်များ ပေးပို့ကာ ဆွေးနွေးတိုင်ပင်ပေးခြင်းနှင့် သင်ယူလေ့လာစေခြင်းဖြင့် ပိုမိုကျယ်ပြန့်စွာ အချိတ်အဆက်မိသော ဒေသတွင်း လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် ရည်မှန်းဆောင်ရွက်သွားပါမည်။

**အခြေခံအစီအမံများ**

1-1 အုပ်ချုပ်ရေးနှင့် နေထိုင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ဘာသာစကားမျိုးစုံဖြင့် ဖော်ပြခြင်းနှင့် အခြားအစီအမံများ

1-2 တိုင်ပင်ဆွေးနွေးရေးအတွက် ကူညီပေးခြင်း

1-3 ဂျပန်ဘာသာစကား သင်ယူလေ့လာမှုကို တွင်ကျယ်စေခြင်း

## အခြေခံမူဝါဒ 2
## နေထိုင်ရေးအတွက် ကူညီပေးခြင်း

လူတိုင်း စိတ်အေးချမ်းသာစွာ အလုပ်လုပ်ကိုင်ပြီး ရေရှည်နေထိုင်သွားနိုင်မည့် ဒေသတစ်ခု တည်ထောင်နိုင်ရန် ဆောင်ရွက်သွားပါမည်။ အလုပ်လုပ်ကိုင်သူများ၏ နေထိုင်မှုပတ်ဝန်းကျင်၊ ဘေးအန္တရာယ်ကာကွယ်ရေး၊ ကလေးပြုစုစောင့်ရှောက်ရေးနှင့် ဆေးကုသမှုစသည့် နေ့စဉ်လူမှုဘဝအတွက် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးခြင်းဖြင့် မည်သူမဆို ဒေသတွင်း၌ ဘေးကင်းလုံခြုံစွာနှင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန် ပံ့ပိုးကူညီသွားပါမည်။

### အခြေခံအစီအမံများ

2-1 သင့်လျော်သော လုပ်ငန်းခွင်ပတ်ဝန်းကျင် စီစဉ်ထားရှိခြင်း

2-2 သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ကူညီပံ့ပိုးရေးစနစ် များ ပြင်ဆင်ထားခြင်း

2-3 ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းအတွက် ပံ့ပိုးကူညီခြင်း

2-4 ကလေးပြုစုစောင့်ရှောက်ရေးအတွက် ပံ့ပိုးကူညီခြင်း

2-5 ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုကို လွယ်ကူစွာ ရယူနိုင်ရန် ပံ့ပိုး ကူညီခြင်း

2-6 ရပ်ကွက်အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

## အခြေခံမူဝါဒ 3
## အပြန်အလှန်နားလည်မှုနှင့် အသိပညာပေးနိုးဆော်ခြင်း

မတူကွဲပြားသော ယဉ်ကျေးမှုများနှင့် အတွေးအခေါ်များကို အပြန်အလှန် လေးစားပြီး မြို့ခံဂျပန်လူမျိုးများနှင့် မြို့နေနိုင်ငံခြားသားများ အပြန်အလှန်နားလည်မှုရှိရှိဖြင့် အတူတကွ ယှဉ်တွဲနေထိုင်နိုင်မည့် ဒေသတစ်ခု ဖြစ်ရန် ရည်မှန်းဆောင်ရွက်သွားပါမည်။ မြို့နေပြည်သူများ၊ လုပ်ငန်းရှင်များ၊ ကျောင်းများနှင့် ဒေသခံအဖွဲ့အစည်းများ ပူးပေါင်းကာ သင်ယူလေ့လာစေခြင်းနှင့် အပြန်အလှန်ထိတွေ့ဆက်ဆံစေခြင်းဖြင့် မတူညီသော ယဉ်ကျေးမှုများအပေါ် ပိုမိုနားလည်ကာ မည်သူမဆို ဒေသခံ တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ရင်း ယဉ်ကျေးမှုမျိုးစုံ အတူယှဉ်တွဲ နေထိုင်နိုင်မည့် မြို့တစ်မြို့ တည်ထောင်သွားပါမည်။

### အခြေခံအစီအမံများ

3-1 ယဉ်ကျေးမှုမျိုးစုံ အတူယှဉ်တွဲနေထိုင်ရန် အသိပညာပေး နှိုးဆော်ခြင်းနှင့် အသိတရား ကိန်းအောင်းစေခြင်း

3-2 မြို့နေနိုင်ငံခြားသားများ မိမိမြို့အပေါ် ဂုဏ်ယူမြတ်နိုးစိတ် ကိန်းအောင်းစေခြင်း

3-3 ယဉ်ကျေးမှုမျိုးစုံ အတူယှဉ်တွဲ နေထိုင်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း

3-4 မြို့နေနိုင်ငံခြားသားများ ဒေသတွင်း ပွဲလမ်းသဘင်များတွင် ပါဝင်လာစေရန် တိုက်တွန်းအားပေးခြင်း

## အခြေခံမူဝါဒ 4
## ဒေသတွင်း စည်ကားအသက်ဝင်ရေးအတွက် တိုက်တွန်းအားပေးခြင်း

နယ်မုရော့မြို့၏ သဘာဝတရား၊ စက်မှုလုပ်ငန်းများနှင့် လူသားများ၏ ဆွဲဆောင်မှုများကို ကမ္ဘာသို့ ထုတ်ဖော်ပြသပြီး နိုင်ငံတကာ အပြန်အလှန် ထိတွေ့ဆက်ဆံမှုများမှ တစ်ဆင့် ဒေသတွင်း စည်ကားအသက်ဝင်ရေးကို မြှင့်တင်ဆောင်ရွက်သွားပါမည်။ ဒေသခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝတရားနှင့် သဟဇာတဖြစ်စွာ ယှဉ်တွဲနေထိုင်ရေးကို တပြိုင်နက် ဖော်ဆောင်ကာ ကမ္ဘာတဝှမ်းနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ရေရှည်တည်တံ့သည့် မြို့တစ်မြို့ ဖြစ်လာစေရန် ရည်မှန်းဆောင်ရွက်သွားပါမည်။

### အခြေခံအစီအမံများ

4-1 နယ်မုရော့မြို့၏ ဆွဲဆောင်မှုများကို နိုင်ငံတကာသို့ ထုတ်ဖော်ပြသခြင်းနှင့် နိုင်ငံခြားသားအလုပ်သမား လက်ခံခန့်အပ်နိုင်မည့် အသိုင်းအဝိုင်းကို ဖန်တီးခြင်း

4-2 နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုက်တွန်းအားပေးခြင်း

4-3 နိုင်ငံတကာ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုကို တိုက်တွန်းအားပေးခြင်း


ထုတ်ဝေရေး

2-27, Tokiwacho, Nemuro City, Hokkaido 087-8711 (ဖုန်း) 0153-23-6111 (အော်ပရေတာ)

နယ်မုရော့မြို့အုပ်ချုပ်ရေးရုံး၊ မြောက်ပိုင်းနယ်မြေနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာန၊ နိုင်ငံတကာဆက်ဆံရေးရုံး